# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၂)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၁-၃-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ

## ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် အခြေအနေများ ဆွေးနွေး



နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အောင်မြင်သည့်

စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ မတ် ၂၁ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

## အပူဒဏ်အန္တရာယ်သတိပြု လိုက်နာရမည်

မြန်မာပြည်ရာသီဥတုအနေဖြင့် မတ်လ၊ ဧပြီလနှင့် မေလတို့သည် ပူပြင်းသောနွေရာသီကာလများဖြစ်သည်။ နွေရာသီကာလတွင် ထူးခြားသည့်အပူဒဏ်ကြောင့် နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုရမည်ဖြစ်သည်။ ယခုနှစ် နွေရာသီကာလတွင် နေ့အပူချိန်သည် တစ်နေ့တခြား ပိုမိုပူပြင်းလာသည့်သဘောများ ရှိနေနိုင်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ယခုရက်ပိုင်းကာလများအတွင်း အပူချိန်အနည်းငယ်မျှ မြင့်တက်လာမှုကို ပြည်သူများသို့ အသိပေးထုတ်ပြန်ပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် အပူချိန်မြင့်မားလာမှုကြောင့် အပူရှပ်ခြင်းအန္တရာယ်ကို အထူးသတိပြုသိရှိထားရမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်(၄၀ ဒီဂရီ စင်တီဂရိတ်)နှင့် အထက်ရှိလာလျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလာနိုင်သည်။ ပြင်ပအပူချိန် မြင့်တက်လာသောအခါတွင် ပတ်ဝန်းကျင်ရှိ ရေနှင့် အရာဝတ္ထုများပါ ပူပြင်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အလားတူ ခန္ဓာကိုယ်အပူချိန်ပါ မြင့်မားလာသည်။ ထို့ကြောင့် အပူချိန်မြင့်မားနေသော နေ့လယ်နေ့ခင်းအချိန်များတွင် အကာအကွယ်မပါဘဲ ပြင်ပသို့ထွက်ခြင်းကို ရှောင်ရှားပြီး အရိပ်အာဝါသအောက်တွင်သာ နေထိုင်ကြရန်လိုအပ်သည်။ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်သတိပြုလိုက်နာသွားလာနေထိုင်ရမည်ဖြစ်သည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သော အန္တရာယ်များတွင် အပူရှပ်ခြင်းသည် အစိုးရိမ်ရဆုံးအခြေအနေဖြစ်သည်။ အပူချိန်မြင့်မားမှုဒဏ်ကို ခံစားရသောကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေနိုင်ပြီး အချိန်မီကုသရန် နှောင့်နှေးနေပါက ထိခိုက်ပျက်စီးနိုင်ခြေမြင့်မားပြီး အသက်အန္တရာယ်ထိခိုက်သည်အထိ စိုးရိမ်ဖွယ်ရာဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် အပူနှင့်အအေး ကွာခြားချက်မြင့်မားသွားစေနိုင်သည့် အခြေအနေကို အထူးသတိပြုရမည်ဖြစ်သည်။ ပူသောအခြေအနေမှ အေးသည့်အခြေအနေသို့ ရုတ်တရက်ကူးပြောင်းခြင်း၊ အေးသည့်အခြေအနေမှ ပူသောအခြေအနေသို့ ရုတ်တရက် ကူးပြောင်းသည့်အခါ Heat Stroke ဟုခေါ်သည့် အပူရှပ်ခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အသက်သေဆုံးခြင်းအထိ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ပူပြင်းသောယခုလိုရာသီကာလများတွင် အသက်အရွယ်ကြီးရင့်သူများနှင့် ရောဂါအခံရှိသူများအနေဖြင့် အရိပ်ထဲတွင်သာ နေထိုင်သင့်ပါသည်။ နွေရာသီကာလ ရေချိုးလျှင် နံနက်စောစောတွင်သာ ရေချိုးသင့်ပြီး နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင် ရေချိုးခြင်းမပြုလုပ်သင့်ပေ။ ရေမချိုးမီ ရေအေးတစ်ဖန်ခွက်သောက်ပြီးမှ ရေချိုးသင့်သည်။ ရေချိုးလျှင် ဦးခေါင်းမှစ၍ရေမလောင်းဘဲ ခြေထောက်အဖြားမှ အထက်သို့ တဖြည်းဖြည်းရေလောင်းပြီးမှ ရေချိုးသင့်သည်။ ရေချိုးပြီးလျှင် အဝတ်အစားမဝတ်ဘဲ ကြာရှည်စွာ မနေသင့်ပေ။ ရေချိုးပြီးလျှင် နွေးထွေးစွာနေသင့်သည်။ နွေရာသီတွင် ထူထဲသောအဝတ်အစားများကို ရှောင်ရှားပြီး ပေါ့ပေါ့ပါးပါးအဝတ်အစားများကို ဝတ်ဆင်သင့်သည်။ နေပူထဲမှပြန်လာပြီး ရေခဲရေသောက်ခြင်းကို ရှောင်ရှားသင့်သည်။ သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သည့်အပြင် အသက်အန္တရာယ်ပါဖြစ်နိုင်သဖြင့် သတိပြုရမည့်အချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အခြေခံစာရေးဝန်ထမ်း သင်တန်းဆင်းပွဲ ကျင်းပ



မန္တလေး မတ် ၂၀

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာရေးဝန်ထမ်း သင်တန်းဆင်းပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲကို မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၉ မဟာဗျူဟာ စီမံကိန်း၊ မဟာဗျူဟာအစီအစဉ် ၁၊ ၃၊ ၂ "အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်း"ကို မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ ရုံးဝန်ထမ်းများအား စာရေးဝန်ထမ်းအခြေခံသင်တန်း ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဌာနဆိုင်ရာရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည် လိုက်နာကာ လိုက်နာကျင့်သုံးပြီး လုပ်ငန်းများ ပိုမိုမှန်ကန်ထိရောက်စွာ ဆောင်ရွက်စေနိုင်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား မတ် ၁၈ ရက်မှ ၂၀ ရက်ထိ (၃)ရက် ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ စီမံဝန်ထမ်းရေးရာ၊ ရုံးလုပ်ငန်း၊ ဘတ်ဂျက်နှင့် ငွေစာရင်းဘာသာရပ်များကို သင်ကြားပို့ချခဲ့ရာ ရုံးဝန်ထမ်းစုစုပေါင်း ၃၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ဖြေဆို



မန္တလေး မတ် ၂၀

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ဖြေဆိုလျက်ရှိပြီး ယနေ့တွင် ပထဝီဝင်ဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။ (အပေါ်ပုံ)

စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ် ကြည့်ရှုပေးလျက်ရှိသည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန(၈၉)ခု ဖွင့်လှစ်ထားပြီး ယနေ့ ပထဝီဝင်ဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ်များကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုကြရာ ပထဝီဝင်ဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ(၁၂၀၆)ဦး၊ ဖြေဆိုသူ(၁၀၉၃)ဦး၊ ပျက်ကွက်(၁၁၃)ဦးရှိပြီး ဖြေဆိုမှု(၉၀ ဒသမ ၆၃)ရာခိုင်နှုန်းရှိကြောင်း၊ ဓာတုဗေဒဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ(၃၄၂၉၄)ဦး၊ ဖြေဆိုသူ(၃၃၁၅၇)ဦး၊ ပျက်ကွက်(၁၁၃၇)ဦးရှိပြီး ဖြေဆိုမှု(၉၆ ဒသမ ၆၈)ရာခိုင်နှုန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။ (မန္တလေးနေ့စဉ်-၄)

## ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းများမှ သင်္ကြန် ကားလက်မှတ်များ ကြိုတင်ရောင်းချ

မန္တလေး မတ် ၂၀

မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ရက်နီးလာပြီဖြစ်၍ ရက်ရှည်ရုံးပိတ်မည်ဖြစ်ရာ မိမိတို့နေရပ်အသီးသီးသို့ သွားရောက်လိုသူများ အဆင်ပြေစေရန် ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းများ (Express)က သင်္ကြန်ကားလက်မှတ်များ ကြိုတင်ရောင်းချပေးနေပြီဟု သိရသည်။

သင်္ကြန်ကားလက်မှတ်များကိုသင်္ကြန်အကြိုနေ့အထိ ယာဉ်အသင်းများက ရောင်းချပေးမည်ဖြစ်ပြီး လက်မှတ်ခနှုန်းများမှာ ပုံမှန်ထက်အနည်းငယ်အပြောင်းအလဲရှိနိုင်သည်ဟု ဆိုသည်။

"သင်္ကြန်ရက်မှာ ကိုယ့်ဒေသကိုပြန်ချင်တဲ့သူတွေ၊ အခြားနေရာတစ်ခုမှာအပန်းဖြေသွားချင်သူတွေ စသဖြင့်သူတို့အတွက် ကြိုတင်ပြီး ကားလက်မှတ် ဝယ်ယူထားနိုင်အောင် သင်္ကြန် လက်မှတ်တွေ ရောင်းချတာပါ။ သင်္ကြန်ရက်နီးလေ ကားလက်မှတ်တွေက မကျန်တော့တာတွေရှိတဲ့ အခါ ကိုယ်မှန်းထားတဲ့ခရီးစဉ်ကို သွားနိုင်မှာမဟုတ်လို့ ကြိုတင်ဝယ်ထားတာ ကောင်းပါတယ်" ဟု ယာဉ်အသင်းတစ်ခုမှ မန္တလေးတာဝန်ခံက ပြောသည်။

လက်ရှိတွင် သက်ဆိုင်ရာခရီးစဉ်အလိုက် ကားလက်မှတ်များကို ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချပေးနေပြီး သင်္ကြန်ကားလက်မှတ်ဈေးနှုန်းများမှာ အနည်းငယ်ပြောင်းလဲနိုင်ကြောင်း၊ သင်္ကြန်ကားလက်မှတ်များကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြို)နေ့ဝန်းကျင်ထိ ယာဉ်အသင်းများက ရောင်းချပေးသွားမှာဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"သင်္ကြန်ပိတ်ရက်မှာ သွားမယ့်လာမယ့်သူတွေအတွက် ခုံနေရာမရမှာစိုးလို့ပါ။ သွားမယ့်ရက်သေချာပြီဆိုရင် လက်မှတ်ကြိုတင်ဝယ်ယူနိုင်အောင် သင်္ကြန်ကားလက်မှတ်ဆိုပြီး ရောင်းချတာဖြစ်ပါတယ်။ ဈေးကတော့ အနည်းငယ်အပြောင်းအလဲရှိနိုင်တယ်"ဟု ရွှေမန္တလာဂိတ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရက်ရှည်ရုံးပိတ်ရက်များတွင် မိမိတို့နေရပ်သို့လည်းကောင်း၊ မိသားစုအပန်းဖြေခရီးအဖြစ်လည်းကောင်း၊ ဘုရားဖူးသွားလာခြင်းဖြင့်လည်းကောင်း၊ ခရီးသွားလာသူများပြားသဖြင့် ယာဉ်အသင်းများက ကြိုတင်လက်မှတ်များရောင်းချကာ ဝန်ဆောင်မှုပေးနေပြီး လက်မှတ်ဝယ်ယူရာတွင်လည်း အွန်လိုင်းစနစ်ဖြင့် ငွေပေးချေနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◎ ရှေ့ဖုံးမှ

ခရီးစဉ်ဖြစ်ခဲ့မှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆွေးနွေးရန်ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့်အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံစဉ်။

❛ချစ်ကြည်ရေးခရီးစဉ်အတွင်းရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆွေးနွေးရန်ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး❜

# ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
( ခ ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊
( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/ nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) amns.mofa@gmail.com သို့ ၁၁-၄-၂၀၂၅ ရက်နေ့ **နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

○ စာမျက်နှာ ၂၄ မှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## ရှင်းလင်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အာဏာရပါတီ အစိုးရအနေဖြင့် ထပ်မံ၍ နိုင်ငံတော်၏အာဏာကို ဥပဒေနှင့်မညီဘဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ကလောတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အတင်းအဓမ္မရယူရန် သိသာစွာ လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို အရေးပေါ် အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ ထိန်းသိမ်းခဲ့ရမှု၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့ရာမှ နောက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးပြီးသော အချို့သော လက်နက်ကိုင် အဖွဲ့အစည်းအချို့သည် ကျန်ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အချို့နှင့် ပူးပေါင်း၍ တပ်မတော်အား နှောင့်ယှက်တိုက်ခိုက်လာခြင်း၊ ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့် လည်း အကြမ်းဖက်အဖွဲ့အစည်းများ ပေါ်ပေါက်လာကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်ပြိုကွဲရေးနှင့် တပ်နှင့်ပြည်သူ သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုံခြုံရေးနှင့် တည်ငြိမ်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် တပ်မတော်သားများ အနေဖြင့် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပီပီ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့်တာဝန်ဝတ္တရားများကိုမဆို ကျေပွန်စွာ ထမ်းဆောင် သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန် လိုကြောင်း။

## ဆောင်ရွက်လျက်ရှိ

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော် တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်ပြီးမြောက်ရန် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံများသို့ နိုင်ငံတော်အဆင့်(Official State Visit) ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်များတွင်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားရန် စီစဉ်ထားကြောင်းကို ကမ္ဘာသိချပြဆွေးနွေးခဲ့ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးအချက်ဖြစ်သည့် **"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန် အတွက် နယ်မြေ တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် မိမိတို့ တပ်မတော်သားများ အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

## လွှဲပြောင်းပေးနိုင်မည်

ယင်းသို့ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးပါက ရွေးချယ်ခံ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသည့် လွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ စသည်ဖြင့် အဆင့်ဆင့်သော အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်၏ အာဏာကြီးသုံးရပ်အား လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

ဒို့တာဝန် အရေးသုံးပါးကို ကာကွယ် စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်၌ အင်အား တောင့်တင်းရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ စတင်အာဏာ တည်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကာ ခန့်အပ်တာဝန်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့သော ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ဥပဒေနှင့်မညီသော မလိုလားအပ်သည့် ငွေကြေး မသမာမှုများကြောင့် စုဆောင်းခံရသည့် ပြည်သူ့စစ်မှုထမ်းအချို့၌ အခက်အခဲအကျပ်အတည်းဖြစ်ပေါ်လာကာ အဆိုပါ နိစ္စဒူဝပြဿနာကိုလည်း ဖြေရှင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်၍ အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များ၏ မှားယွင်းသော လုပ်ဆောင်မှုများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြဆောင်ရွက်ပေးကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့်ပတ်သက်၍ အချို့သော ဒေသများတွင် သွားလာမှုကန့်သတ်ချက်များရှိသည့်အတွက် အဆိုပါဒေသရှိ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌ အနည်းနှင့်အများဆိုသလို အခက်အခဲများ ရှိနိုင်သည့်အတွက် တာဝန်ရှိသူများ အနေဖြင့် မျက်ခြည်မပြတ် ကြည့်ရှုပြီး အချိန်မီဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာ ကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း/တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလို အားကောင်း လာမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်း အားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝ ရရှိအောင် ကြပ်မတ် ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံကို ဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကိုဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည့်အတွက် တပ်မတော်သားနှင့် မိသားစုဝင်များ အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ရေပက်မဝင်သော စည်းလုံးညီညွတ်မှုဖြင့် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ကြရန်နှင့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ကျင့်ကြံ နေထိုင်သွားရန်လိုကြောင်း။

တပ်မတော်သားများ၏လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နေရသူများ ဖြစ်၍ အမြဲကိုယ်ခန္ဓာကျန်းမာသန်စွမ်း၍ လိုအပ်သလို စိတ်ဓာတ်ကလည်း ကြံ့ခိုင်နေရမည် ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု ချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ ပေးအပ်လာသည့် တာဝန်ဝတ္တရားများ မှန်သမျှအား အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ကြံ့ခိုင်မှုကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ သို့ဖြစ်၍ စနစ်တကျ နေထိုင်စားသောက်သွားခြင်းနှင့် တစ်ကိုယ်ရေလေ့ကျင့်ခန်းများ၊ စုပေါင်း လေ့ကျင့်ခန်းများဖြင့် ဆောင်ရွက်ကြရန်လည်း လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအတွင်း DYL ဝက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကလောမြို့ရှိ ဆုတောင်းပြည့် နီးဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများထွန်းညှိပူဇော်ကာ ရွှေသင်္ကန်းများ ကပ်လှူ ဖူးမြော်ကြည်ညိုခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကလောမြို့ရှိ ဆုတောင်းပြည့်နီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များအတွင်း ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ သက်ဆိုင်ရာ ကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း / တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်းစိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

☆ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူသည့် ရွှေပြားသင်္ကန်းတော် ခြောက်ကျပ်သား နှစ်ချပ်နှင့် တစ်ကျပ်သား ၁၃ ချပ်တို့အတွက် အလှူငွေကျပ် ၆၂၅၀၀၀၀၀ အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရေးဟောင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အလှူတော်ငွေကျပ် ၆၂၅ သိန်းတန်ဖိုးရှိ ရွှေပြားသင်္ကန်းတော် ၁၅ ချပ်ကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များသည် ရွှေသင်္ကန်းခြောက်ကျပ်သား နှစ်ချပ်ကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ငှက်ပျောဖူး၌လည်းကောင်း၊ ရွှေသင်္ကန်း တစ်ကျပ်သား ၁၃ ချပ်ကို အထက်ပစ္စယံ (၈) မြောက်ဘက်၌ လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ တက်ရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque နှင့်အဖွဲ့အား ယနေ့တွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျီနီဗာသဘောတူညီချက် လေးခုကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့်ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအတွက် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ(IHL)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်





ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း Mr. Sihasak PHUANGKETKEOW အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နီပေါဝန်ကြီးချုပ်ဟောင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိနေသည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း Mr. Sihasak PHUANGKETKEOW တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ထိရောက်သည့် အကြံပြုချက်များပေးနိုင်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudanတက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှင့် အဖွဲ့အား နေပြည်တော်ရှိ Horizon Lakeview resort ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)က စီစဉ်ကျင်းပသည့်"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lakeview Resort ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဖ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါ နိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ညစာစားပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးများက ညစာစားပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် "ရွှေမြန်မာနိုင်ငံ (Golden Land Myanmar) " မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။



နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် အဆွေတော်တို့ကို မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ ယခုကဲ့သို့ ညစာစားပွဲဖြင့် ကြိုဆိုခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့ အနေဖြင့် Keynote Speaker အနေဖြင့်ဖြစ်စေ၊ ဆွေးနွေးသူ Panelist အနေဖြင့် ဖြစ်စေ၊ လေ့လာသူ Observer အနေဖြင့် ဖြစ်စေ ယခုသုံးသပ် ဆွေးနွေးပွဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပေးသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း ယနေ့ ကမ္ဘာ့အခြေအနေ အရပ်ရပ်သည် ဗဟုဝင်ရိုးကမ္ဘာအဖြစ် ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ ကူးပြောင်းလာသည့်အတွက် ဘယ်လို စိန်ခေါ်မှုများရှိလာမလဲ၊ ဘယ်လိုအခွင့်အလမ်းများ ရလာမလဲ၊ မိမိတို့လို နိုင်ငံငယ်လေးများအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာ၌ ဘယ်လိုရပ်တည်ချက်မျိုး ထားရှိကြမလဲဆိုသည်ကို ဆွေးနွေးအဖြေရှာရန်အတွက် မိတ်ဆွေများကို ဖိတ်ခေါ်ပြီး ယခုလိုသုံးသပ် ဆွေးနွေးပွဲတစ်ခုအနေဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

အဆွေတော်တို့သည် အတွေ့အကြုံရှိကြသူများ ဖြစ်သည်နှင့်အညီ ဆွေးနွေးချက်များ၊ သုံးသပ်ချက်များက မိမိတို့အတွက် တန်ဖိုးကြီးသလို တန်ဖိုးထားကြောင်းလည်း ပြောကြားလိုပါကြောင်း။

ဤဆွေးနွေးပွဲဖြစ်မြောက်ရန်အတွက် ဝိုင်းဝန်းကူညီပေးကြသည့် အဆွေတော်တို့နှင့်တကွ၊ သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှင့် အိန္ဒိယနိုင်ငံ ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီမှ သုတေသန ပညာရှင် Mr. Sripathi Narayana တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ကျေးဇူးတင်စကား ပြောကြားသည်။

## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့သည်။

အဆိုပါ နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာ သုံးသပ်သူများသည် ယနေ့ နံနက်ပိုင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက် ဖူးမြော်ကြပြီး ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင် ကပြဖျော်ဖြေမည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနပေါင်းစုံမှ လုပ်ချိုဖြူများ အကတိုက် အစမ်းလေ့ကျင့်နေစဉ်။ (မန္တလေးနေ့စဉ်-စ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





မန္တလေး မတ် ၂၀

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ် ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ရန်အချက် ၅၂ ချက်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် မူဝါဒ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာလိုက်နာကာ နစ်နာမှုမရှိ ပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံးပြီးပြတ်အောင် ဌာနအချင်းချင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးတို့က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီးနောက် ခရိုင် ၁၁ ခုမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့်အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး(၅၂၈၁၉)ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးဧက(၁၉၉၈၀) လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းဆန်စပါး ဖူလုံပိုလျှံရေး ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး ၅၂၈၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး (၁၉၉၈၀)ဧက လျာထား စိုက်ပျိုးလျက်ရှိသည်။



မိုးစပါးသီးနှံများ ရိတ်သိမ်းရာတွင် အထွက်နှုန်းအနေဖြင့် တစ်ဧက ၉၀ ဒသမ ၅၁ တင်း ထွက်ရှိပြီး စုစုပေါင်း စပါး ၄၀၃ ၇၀၁၈ တင်း ထွက်ရှိကြောင်းနှင့် နွေစပါးစိုက်ပျိုးမှုများကို မင်းရဲမြောင်းရေဖြင့် ၁၆၉၂ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၃၆၄၃ ဧက၊ ငပြောင်မြောင်းရေဖြင့် ၁၃၂၄ ဧက၊ ဇီးတောမြောင်းရေဖြင့် ဧက ၄၅၀၊ နွားတက်မြောင်းရေဖြင့် ၇၇၉၈ ဧက၊ တမုတ်မြောင်းရေဖြင့် ၃၃၀၃ ဧက၊ သင်းဒီးမြောင်းရေဖြင့် ဧက ၁၅၀၀ စုစုပေါင်း ဧက ၁၉၉၈၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် စပါးသီးနှံများ စိုက်ပျိုးရာတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး သုတေသနခြံ(ကျောက်ဆည်)နှင့်ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများအား စိုက်နည်းစနစ်များ၊ အပင်ပြုစုပျိုးထောင် ရိတ်သိမ်းခြင်း နည်းပညာများအား အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပြီး ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)



## စာကြည့်တိုက်အသစ်များ အမြန်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ပုသိမ်ကြီး မတ် ၂၀

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးသည် ပုသိမ်ကြီးမြို့နယ်ရှိ အလင်းရောင် စာကြည့်တိုက်နှင့် ဘဝအသိ စာကြည့်တိုက်တို့ရှိရာသို့ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်တာဝန်ရှိသူများဖြင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်သည့် ပုသိမ်ကြီးမြို့နယ်၊ နန္ဒာမြောက်ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စာကြည့်တိုက် ပရိဘောဂများ၊ စာအုပ်များကို ကျေးရွာတာဝန်ရှိသူများဖြင့် တွေ့ဆုံ၍လည်းကောင်း၊ မိုင်ကုန်းကျေးရွာရှိ အလှူရှင် အေးအေးခိုင်(ပညာရေး)၏ မတည်ငွေကျပ် သိန်း၁၅၀ နှင့် အခြားအလှူရှင်များဖြင့် တည်ဆောက်ထားသည့် ဘဝအသိ စာကြည့်တိုက်တို့အား ကြည့်ရှုစစ်ဆေးပြီး၊ စာကြည့်တိုက် ပြင်ဆင်ထားရှိမှုနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး၊ အမြန်ဖွင့်လှစ်နိုင်ရေး အကြံညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဇင်မင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက် ကော်မတီဝင်များဖြင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝ၉၅)

## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ရန်အတွက် GACC လက်မှတ် လျှောက်ထားမှု များလာ

မန္တလေး မတ် ၂၀

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန်အတွက် ပြည်တွင်းရှိ ကုမ္ပဏီလုပ်ငန်းရှင်များက စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)သို့ လျှောက်ထားမှုအဖြစ် လက်မှတ်ပေါင်းသုံးထောင်ကျော်ရှိကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံက သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့လိုသည့် ပြည်တွင်းရှိကုမ္ပဏီများ၊ စက်ရုံများအနေဖြင့် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်များတင်ပို့ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် လျှောက်ထားမှုအဖြစ် ကုမ္ပဏီပေါင်း တစ်ထောင်ကျော်က မှတ်ပုံတင်လက်မှတ်ပေါင်း သုံးထောင်ကျော်၊ ငါးလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် လျှောက်ထားမှုအဖြစ် စောင်ရေ ၁၄၀ ကျော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တစ်ဆင့်လျှောက်ထားမှုအဖြစ် စောင်ရေ ၁၄ စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တစ်ဆင့်လျှောက်ထားမှုအဖြစ် စောင်ရေ ၉ ခု ရှိသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ရန်အတွက် လျှောက်ထားသည့် ကုမ္ပဏီ၊ စက်ရုံများအရေအတွက်အဖြစ် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ လဆန်းပိုင်းအထိ ကုမ္ပဏီ၊ စက်ရုံအရေအတွက် တစ်ထောင်ကျော်က လက်မှတ်လျှောက်ထားသူ ၃၃၀၀ ကျော်ရှိကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ပြန်သောစာရင်းများအရ သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

## လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**သာစည် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိအမြင်ဗဟုသုတများ ပြည်သူလူထုအတွင်း ဖြန့်ဝေနိုင်ရေးနှင့်လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ မိတ္ထီလာမှ ဒုရဲမှူးလှိုင်စိုးက လူကုန်ကူးမှုသမိုင်းနှင့် ခေတ်သစ်လူကုန်ကူးမှုပေါ်ပေါက်လာပုံ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် ဆိုးကျိုးများ၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ လူမှောင်ခိုဆိုင်ရာများစသည်ဖြင့် လူကုန်ကူးမှုနှင့်လူမှောင်ခိုမှုဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသူများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၇)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ပိုစတာကပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ရေနံချောင်း မတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ နွေရာသီကာလ အပူရှိန်မြင့်တက်လာမှုကြောင့် ပြည်သူများ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာနိုင်ရန်အတွက် မတ် ၁၉ ရက် နံနက်ပိုင်းက ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ အပူဒဏ်အန္တရာယ် အသိပညာပေးပိုစတာကပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို လူစည်ကားရာ ဈေးနှင့်လမ်းဆုံနေရာများတွင် လိုက်လံဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နွေရာသီကာလ အပူဒဏ်အန္တရာယ်ကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာကာ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်၊ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ၊ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အပူဒဏ်အန္တရာယ်ကျရောက်သည့် လူနာကို အရေးပေါ်ရှေးဦးပြုစုနည်းများစသည့် အကြောင်းအရာများပါဝင်သည့် ပိုစတာများကို ပြည်သူများသိရှိလိုက်နာနိုင်ရန် ဈေးနှင့်လမ်းဆုံများတွင်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်ဘုတ်တွင်လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း အသိပညာပေးကပ်ထားခဲ့သည်။

ရေနံချောင်းမြို့သည် မကွေးမြို့နှင့် ချောက်မြို့အကြားတွင် တည်ရှိပြီး ၄င်းမြို့များသည် ကမ္ဘာ့အပူရှိန် အများဆုံးမြို့များစာရင်းတွင် ပါဝင်သည့်အတွက် ရေနံချောင်းမြို့နယ်သည်လည်း အဆိုပါမြို့များကဲ့သို့ အပူဒဏ်အန္တရာယ်ကို ကျရောက်ခံစားရကြောင်း ဒေသခံများထံက သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ယာဉ်တိုက်မှု ဖြစ်ပွား

**နေပြည်တော် မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးနယ်မြေ၊ ဝမ်းဘဲအင်းကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် မတ် ၁၈ ရက် နံနက် ၈ နာရီ ၅၀ မိနစ်ခန့်က ပဲခူးမှ ဒိုက်ဦးသို့ ယာဉ်မောင်း ဦး---- မောင်းနှင်လာသော ယာဉ်အမှတ် YGN-22/ 8E-××××TOWN ACE အမျိုးအစား အဖြူရောင် မော်တော်ယာဉ်သည် ဒေးစွန်ပါဘုရားသို့ ကွေ့ဝင်စဉ် ပဲခူးမှ ဒိုက်ဦးသို့ ယာဉ်မောင်း ဦး-------- မောင်းနှင်လာသော MDY-18/ 5S-××× ဒေါင်ဖန်း ဆီဘောက်ဆာယာဉ်နှင့် တိုက်မိမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပဲခူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် TOWNACE အဖြူရောင် မော်တော်ယာဉ်၏ ယာဉ်မောင်း အပါအဝင် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး(သေဆုံး)၊ အမျိုးသမီးခြောက်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)တို့အား ပဲခူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဒေါင်ဖန်း ဆီဘောက်ဆာ ယာဉ်မောင်း ဦး----အား ဘုရားကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ် တစ်စီး မီးလောင်

**နေပြည်တော် မတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မတ် ၁၈ ရက်က ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မော်တော်ယာဉ်တစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် ညနေ ၄ နာရီ ၃၀ မိနစ်တွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန် လမ်းမကြီး မိုင်တိုင်အမှတ် ၂၂၈ မိုင် ၅ ဖာလုံအနီး၌ မော်တော်ယာဉ် တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး စိစစ်ရာ မန္တလေးမှ ရန်ကုန်သို့ ဥတ္တရသီရိမြို့နယ်၊ ကြီးပွားရေးရပ်ကွက်နေ ----(၃၄)နှစ် မောင်းနှင်၍ ယာဉ်ပေါ်တွင် ပုလင်းခွံ၊ စက္ကူဂျပ်ဖာ၊ Battery အဟောင်းများ တင်ဆောင်လာသည့် NPW-8/ 6F-××× HYUNDAI PORTER II ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ယာဉ်နောက်ခန်းအတွင်း တပ်ဆင်ထားသော အလှမီးသီး၏ ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ယာဉ်နောက်ခန်း အမိုးကိုင်းများနှင့် ယာဉ်ပေါ်ပါပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ----အား ပန်းတင်အမြန် လမ်းမကြီးရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာနေ အိုက်ရှဲန်ရှက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ရှဲန်ရှက် ၅၃ နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်း မပြောရ။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၀

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးစနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ၌ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၃၃ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၁၂၀ စုစုပေါင်း ၂၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၆၁၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၉၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၆၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်


# ကွင်းလယ်လူ အောင်လှိုင်ဝင်းအား တစ်ရာသီစာချုပ်ဖြင့် ရခိုင်ယူနိုက်တက်အသင်း ခေါ်ယူနိုင်ခဲ့ပြီဖြစ်

လာမည့် ၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ဖလားနှင့် အမှတ်ပေးဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် ရခိုင်ယူနိုက်တက် ဘောလုံးအသင်းသည် မဟာယူနိုက်တက်အသင်း ကွင်းလယ်လူ အောင်လှိုင်ဝင်းအား တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ပါသည်။

ကယားပြည်နယ်ဖွားဖြစ်သူ ကွင်းလယ်ကစားသမား အောင်လှိုင်ဝင်းသည် မြန်မာနေရှင်နယ်လိဂ်အတွေ့အကြုံရှိ ဝါရင့်ကစားသမားတစ်ဦးဖြစ်ပြီး ကစားသမားဘဝကို ယခင် ဇေယျာရွှေမြေအသင်းတွင် စတင်ခဲ့သူဖြစ်သည်။ ထို့နောက် မဟာယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ရှမ်းယူနိုက်တက် အစရှိသည့် MNL ကလပ်အသင်းအသီးသီးတွင် ပါဝင်ကစားခဲ့ကာ မြန်မာ့လက်ရွေးစင်အသင်း ကစားသမားဟောင်းတစ်ဦးလည်းဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီအတွက် လိုအပ်နေသည့် ကွင်းလယ်ပိုင်းကို ပိုမိုတောင့်တင်းစေရန်နှင့် မကြာမီကျင်းပသွားမည့် MNL League Cup ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအတွက် ရခိုင်ယူနိုက်တက်ဘောလုံးအသင်း အားပေးသူ ပရိသတ်ကြီးအတွက် အကောင်းဆုံးအောင်မြင်မှုများထံသို့ အရောက်လှမ်းနိုင်ရန်အတွက် အသင်းအား ယခုကဲ့သို့ အကြီးစားပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ထို့အပြင် အသင်းအား အကောင်းဆုံးရှေ့ဆက်နိုင်ရန် ဝါရင့်ဘာရာဇီးလ်နည်းပြချုပ်၏ ဦးဆောင်မှုဖြင့် ပြိုင်ပွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လိုအပ်နေသည့် အခြားနေရာများအတွက်လည်း လက်ရွေးစင်အဆင့်ရှိ ပြည်တွင်း ကစားသမားများနှင့် နိုင်ငံခြားသားကစားသမားသစ်များ ဆက်လက် အားဖြည့်ခေါ်ယူသွားရန် ပြင်ဆင်လျက်ရှိသည်။




(NGB)

| ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဩစတြေးလျ | ၅ | - | ၁ | အင်ဒိုနီးရှား |
| ဂျပန် | ၂ | - | ၀ | ဘာရိန်း |
| တောင်ကိုရီးယား | ၁ | - | ၁ | အိုမန် |

| နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| တာဂျစ်ကစ္စတန် | ၀ | - | ၅ | ဘီလာရုစ် |

# အမှတ်(၁၆)ဘ/ကမူလွန်ကျောင်းတွင် နွေရာသီ အခြေခံပန်းချီသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းတွင် နွေရာသီ အခြေခံပန်းချီသင်တန်းဖွင့်လှစ်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တခေမာစာရ အရှင်သူမြတ်က အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို မိန့်ကြားပြီး ပန်းချီသင်တန်းပို့ချမည့်ဆရာဦးအောင်မြတ်(ကာတွန်းပေတလူ)က မိတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် ဆရာဦးအောင်မြတ်(ကာတွန်းပေတလူ)က ရသပန်းချီအကြောင်းကို ရှင်းလင်းပြောကြားပြီး လက်တွေ့ပန်းချီရေးဆွဲနည်းကို ဟောပြောပို့ချကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နွေရာသီ အခြေခံပန်းချီသင်တန်းသို့ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းအချိန်မှာ နံနက် ၉ နာရီမှ ၁၁ နာရီထိ ဖြစ်ကြောင်း သိရသည်။ (ဝ၅၃)

# ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများထွက်ပြေးနေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

ရန်ကုန် မတ် ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၉ ရက်တွင် ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများထွက်ပြေးနေရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါရက်နေ့တွင် ငတရော်ကျေးရွာအား အနီးဝန်းကျင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အဆိုပါနယ်မြေအတွင်းရှိ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်




## 2025 Miami Open presented by Itau

## တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ David Goffin တက်ရောက်



**မိုင်ယာမီ မတ် ၂၀**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin တက်ရောက်ခဲ့သည်။

အဆိုပါ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား Aleksandar Vukic အား ၂-၆၊ ၆-၄၊ ၆-၂ ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin နှင့် စပိန်တင်းနစ်ကစားသမား Carlos Alcaraz တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ဂါဘရီရယ်လ်အား ခေါ်ယူရန် အယ်လ်နာဆာအသင်းကမ်းလှမ်း

**လန်ဒန် မတ် ၂၀**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်နာဆာအသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ဂါဘရီရယ်လ်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အယ်လ်နာဆာအသင်းသည် နောက်ခံကစားသမား ဂါဘရီရယ်လ်ကို အာဆင်နယ်အသင်းတွင် လက်ရှိရနေသည့် လစာထက် သုံးဆနီးပါးပေးချေ၍ ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂါဘရီရယ်လ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၉ ပွဲကစားပြီး ဂိုး ၂၀ အထိသွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူရန် ကမ်းလှမ်းလာခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂါဘရီရယ်လ်ကိုယ်တိုင်ကလည်း အယ်လ်နာဆာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အယ်လ်နာဆာအသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် ဂါဘရီရယ်လ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။



(အပေါ်ပုံ)(NGB)



## ကွမ်ဒါနှင့် ဆက်စ်ဆူဂိုအား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် မတ် ၂၀**

ချဲလ်ဆီးအသင်းသည် စပို့တင်းလစ္စဘွန်းအသင်း ကြယ်ပွင့်နှစ်ဦးဖြစ်သည့် ကွမ်ဒါနှင့် ဆက်စ်ဆူဂိုတို့နှစ်ဦးအား ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ကစားသမားနှစ်ဦးသည် လာမည့်နွေရာသီဈေးကွက်မတိုင်မီ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာမည် ဖြစ်သည်။

တောင်ပံကစားသမား ကွမ်ဒါသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ၂ဂိုးသွင်းယူကာ ခြေစွမ်းပြထားသလို၊ ကွင်းလယ်ကစားသမား ဆက်စ်ဆူဂိုသည်လည်း စပို့တင်းလစ္စဘွန်းအသင်းမှ လက်စ်ပါးမက်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၇ပွဲကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် 'ကွမ်ဒါနှင့် ဆက်စ်ဆူဂိုတို့နှစ်ဦးအား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ' ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)(NGB)



## ဂရာဗန်ဘတ်ချ် ဒဏ်ရာကြောင့် နယ်သာလန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် မတ် ၂၀**

နယ်သာလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဂရာဗန်ဘတ်ချ် ကြွက်သားဒဏ်ရာကြောင့် အသင်းလက်ရွေးစင်လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကလပ်အသင်းဖြစ်သည့် လီဗာပူးအသင်းက နယူးကာဆယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂရာဗန်ဘတ်ချ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် သာမက နိုင်ငံတကာပွဲများ ကစားရန်ရှိနေသည့် နယ်သာလန် လက်ရွေးစင်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂရာဗန်ဘတ်ချ်သည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၄အထိ ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ၁ဂိုးသွင်းယူထားသည်။

(အပေါ်ပုံ)(NGB)

## မိုင်နူး မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ မတ် ၂၀**

ကွင်းလယ်ကစားသမား မိုင်နူးအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ချက်စတာယူနိုက်တက်အသင်းက အတည်ပြုခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



ကွင်းလယ်ကစားသမား မိုင်နူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၆၀ ကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် 'မိုင်နူးအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်ပါတယ်' ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## စကော့တလန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်မဟုတ်သေးဟု အန်ဒရူရောဘတ်ဆင်ပြောကြား



**လန်ဒန် မတ် ၂၀**

စကော့တလန်လက်ရွေးစင်အသင်း ဝါရင့် နောက်ခံကစားသမား အန်ဒရူရောဘတ်ဆင်က မိမိအနေဖြင့် လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ လက်ရွေးစင်အသင်းနှင့် အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စကော့တလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၄မှ ၂၀၂၄အထိ ပြိုင်ပွဲ ပွဲ ၈၀ကစားကာ ၄ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ အန်ဒရူရောဘတ်ဆင်က 'ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားမှာ မဟုတ်သေးပါဘူး။ ရှေ့မှာ ကြုံတွေ့လာမဲ့ အခက်အခဲတိုင်းကိုလည်း ကျော်ဖြတ်သွားမှာပါ။ လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ'ဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်)ပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|---|---|
| ၂၁-၃-၂၀၂၅ သောကြာနေ့ | ညသ၁း၀၀နာရီ | H | ဒိုက်ပရပ်စ် - ဆမ်မာရီနို | ဆမ်မာရီနို ၁-၄ ဒိုက်ပရပ်စ် |
| ၂၂-၃-၂၀၂၅ စနေနေ့ | နံနက်၀၂း၁၅နာရီ | G | ဖော်လ်တာ - ဖင်လန် | ဖင်လန် ၅-၀ ဖော်လ်တာ |
| ။ | ။ | G | ပိုလန် - လစ်သူယေးနီးယား | ပိုလန် ၄-၀ လစ်သူယေးနီးယား |
| ။ | ။ | H | ရိုမေးနီးယား - ဘော့စနီးယား | ရိုမေးနီးယား ၄-၁ ဘော့စနီးယား |
| ။ | ။ | K | အန်ဒိုရာ - လတ်ဗီးယား | အန်ဒိုရာ ၁-၁ လတ်ဗီးယား |
| ။ | ။ | K | အင်္ဂလန် - အယ်လ်ဘေးနီးယား | အင်္ဂလန် ၅-၀ အယ်လ်ဘေးနီးယား |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၃-၂၀၂၅ သောကြာနေ့ | ည ၇း၀၀ နာရီ | စင်ကာပူ - နီပေါ |
| ။ | ည ၇း၃၀ နာရီ | ထိုင်း - အာဖဂန်နစ္စတန် |
| ၂၂-၃-၂၀၂၅ စနေနေ့ | နံနက် ၀၂း၁၅ နာရီ | မြောက်အိုင်ယာလန် - ဆွစ်ဇာလန် |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၁၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ပထအကျော့ ရလဒ် |
|---|---|---|---|
| ၂၂-၃-၂၀၂၅ စနေနေ့ | နံနက် ၀၃း၃၀ နာရီ | (၃)အီကွေဒေါ - ဗင်နီဇွဲလား(၈)<br>(W,D,D,W,W) (D,D,L,D,L) | ဗင်နီဇွဲလား ၀-၀ အီကွေဒေါ |
| ။ | နံနက် ၀၆း၀၀ နာရီ | (၂)ဥရုဂွေး - အာဂျင်တီးနား(၁)<br>(D,L,D,W,D) (L,D,W,L,W) | အာဂျင်တီးနား ၀-၂ ဥရုဂွေး |

# မြို့နယ် ပြန်/ဆက်ရုံး Community Centre ခန်းမတွင် နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်



**မန္တလေး မတ် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရုံး Community Centre ခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပါယ်၊ ဒုတိယဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြ ပန်းချီဆရာ ဦးမော်စန်း(မြောက်ပြင်တော်ကကိုရွှေမော်)၊ ကိုဖိုးချစ်(မန်းတောင်ခြေ)နှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဦးမြင့်ဇော် (မြင့်ဇော် မျက်မှန်) တို့က ပန်းချီသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးအရာရှိက လက်ခံရယူသည်။ ထို့နောက် သင်တန်းနည်းပြက သင်တန်းကို ဆက်လက်ပို့ချသင်ကြားသည်။

အဆိုပါ အခြေခံပန်းချီသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်မှ မတ် ၂၁ ရက်အထိ သုံးရက်ဖြစ်သည်။

ထို့အပြင် စာပေရေးသားနည်းသင်တန်း၊လှုငယ်စကားဝိုင်း၊ လူငယ်ဆွေးနွေးပွဲ၊ လူငယ်စာဖတ်ဝိုင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၉၃)**

# မဟာအောင်မြေမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရန် အထူးသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏လမ်းညွှန်မှုဖြင့် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ မတ် ၁၉ ရက် နံနက်ပိုင်းက မနော်ရမ္မံရေမြောင်းဘေးပတ်လည် သန့်ရှင်းသာယာလှပစေရန် သန့်ရှင်းရေးဌာနမှ ကြီးကြပ်သူနှင့်လုပ်သားများက အထူးသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် သန့်ရှင်းရေးဌာနမှ ကြီးကြပ်သူနှင့်လုပ်သားများက မဟာအောင်မြေမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရန်၊ ရေစီးရေလာကောင်းမွန်စေရန်၊ လေကောင်းလေသန့်ရရှိစေရန်နှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်စေရန်နှင့် အများပြည်သူများအား အသိပေးနှိုးဆော်ခြင်းများဆောင်ရွက်လျက်ရှိပြီး ပုံမှန်သန့်ရှင်းရေးများနှင့် အထူးသန့်ရှင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၆)**




# သပြေကုန်းကျေးရွာတွင် စာကြည့်တိုက် အဆောက်အအုံ ၉၀ ရာခိုင်နှုန်း ပြီးစီး

**တပ်ကုန်း မတ် ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် ဆောက်လုပ်ခဲ့ရာ မတ် ၁၉ ရက်တွင် ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျား ၂၀ ပေ၊ အနံ ၂၁ ပေ၊ တစ်ထပ်အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် ဒေသခံဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း၊ မကြာမီတွင်ကျေးလက်နေပြည်သူများ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီ၊ စာအုပ်၊ စာစောင်များစုံလင်စွာဖြင့် စာပေဖတ်ရှုရတော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေး၊ ဘဏ္ဍာရေးနှင့်ကျန်းမာရေးဌာနကြီး<br>အမျိုးသားလွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး |
| (ခ) | ဦးတင်လတ်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် မြေပဲ ၈၁ ဧက နုတ်သိမ်းပြီးစီး

**ငဖဲ မတ် ၂၀**



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် မြေပဲ ၈၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၃ ဒသမ ၉၈ တင်းခန့် ထွက်ရှိကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စွန်တာနီမြေပဲမျိုး ၉၆ ဧက၊ မကွေး ၁၆ မျိုး ၇၅ ဧကနှင့် ဗီယက်နမ်မျိုး ၁ ဧက၊ စုစုပေါင်း ၁၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ခင်းတွေကို တောင်သူတွေက နွေသီးနှံများ ပြန်လည်စိုက်ပျိုးရန် ဖန်နဝါရီလက စတင်နုတ်သိမ်းခဲ့ရာ အခုချိန်ထိ ၈၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ၅၃ ဒသမ ၉၈ တင်းနှုန်း ထွက်ရှိတယ်။ ဒေသခံတောင်သူများ မြေပဲနုတ်သိမ်းရာမှာ အထွက်နှုန်းလျော့နည်းမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိရေး အချိန်မီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီးမြေပဲများ စနစ်တကျ ထားသိုသိမ်းဆည်းကြရန် အသိပညာပေး ဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သိန်းက ပြောသည်။

မြေပဲစိုက်တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းရေး၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ငဖဲမြို့နယ်အပြင် တခြားဒေသများ၌ ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မယု(ငဖဲ)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်၊ (အင်္ဂါ)နေ့သည် "ဘဏ်ပိတ်ရက်"ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



## ဓမ္မာစရိယ စာအောင်ဆုနှင်းသဘင်ကျင်းပ

**မန္တလေး မတ် ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်ရှိ မဟာဝိဇယကျောင်းတိုက်၌ မဟာဝိဇယသာသနပါလဓမ္မာစရိယ စာအောင်ဆုနှင်းသဘင်ကို မတ် ၁၈ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ သက်တော်ရှည် ဗြဟ္မစိုရ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိက္ခမဟာထေရ် အမှူးပြုသော စာမေးပွဲကျင်းပရေး ဩဝါဒါစရိယဆရာတော်များ ကြွရောက်ချီးမြှင့်ပြီး မဟာဝိဇယသာသနာပြု တပည့်ဒါယကာ၊ ဒါယိကာမများ ဓမ္မစကြာယောဂီအမျိုးသမီးအဖွဲ့များ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ စာအောင်သံဃာ ၁၆ ပါးနှင့် စာအောင်သီလရှင် နှစ်ပါးတို့အား မဟာဝိဇယ ဂေါပကအဖွဲ့မှ ထီးဖြူမိုး၍ ပင့်ဆောင်ပြီး ဧည့်ပရိသတ်တို့က မဟာဝိဇယဆရာတော် ဘဒ္ဒန္တဝိစာရထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်များရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဓမ္မစကြာအဖွဲ့မှ ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ပြီး မြန်မာမှု နန်းမြို့လုလင်တေးဂီတအဖွဲ့မှ တေးထပ်များဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေသည်။

ယင်းနောက် စာအောင်သံဃာတော်များအား တစ်ပါးစီ ပင့်ဆောင်ပြီး စာအောင်ဆုများ ချီးမြှင့်ကာ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ဥတ္တရရုံသီကျောင်းတိုက် ဆရာကြီး ဒေါ်ဥတ္တရထေရီ၏ တပည့်ဘွဲ့ရကျမ်းပြီးသော ဆရာလေး ပုညဝါလင်္ကာရအား မဟာဝိဇယသာသနာပြုအမျိုးသမီးအဖွဲ့မှ ဘွဲ့ပုံတော်နှင့်အတူ အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပြီး မဟာဝိဇယဆရာတော်ကြီးမှ ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ စာအောင်ဆုနှင်းသဘင်တွင် စာအောင်သံဃာ ၁၈ ပါးတို့အား မဟာဝိဇယဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများက တစ်ပါးလျှင် ငွေကျပ်သုံးသိန်းနှင့် ရဲမွန်တောင်ရပ်နေ ဦးနေမျိုးကျော်နှင့်အဖွဲ့မှ တစ်ပါးလျှင် ငွေကျပ်တစ်သိန်းစီ လှူဒါန်းဆက်ကပ်ပြီး သီးခြားအလှူရှင်များမှလည်း နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။ **(အပေါ်ဓါတ်ပုံ) (ဝ၅၁)**

## ၂၀၂၅ ခုနှစ် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ဓာတ်ပုံပြိုင်ပွဲ

၂၀၂၅ ခုနှစ် မဟာသင်္ကြန်တွင် **'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ'** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ–**

၁။ ၁၀လက်မ×၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ (၃)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းက ပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၅ ခုနှစ် သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသောဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိမည်။

၆။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုမည်။ Drone Camera, Phone, GoPro နှင့်အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင်နှင့် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၅)ရက် (အင်္ဂါနေ့)၊ နံနက်(၁၀း၀၀ နာရီမှ ညနေ ၄း၀၀နာရီ)အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆုရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀း၀၀)နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်းအခမ်းအနားကို (၂၄-၄-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## နွေရာသီအခြေခံဂစ်တာသင်တန်း ဖွင့်လှစ်သင်ကြား

**တပ်ကုန်း မတ် ၂၀**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် အခြေခံဂစ်တာတီးပညာရပ်ကို အခြေခံနားလည်တတ်မြောက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂစ်တာပညာရှင်များ ပူးပေါင်းပြီး နွေရာသီအခြေခံဂစ်တာသင်တန်း (၁/၂၀၂၅)ကို ယမန်နေ့ညနေ ၄နာရီကစတင်၍ အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က အခြေခံဂစ်တာတီးသင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီးနောက် ဂစ်တာသင်တန်းနည်းပြဆရာ ဦးမြတ်သူရထွန်းက ဂစ်တာကြိုး၊ ဖလက်ကွက် (Basic Guitar lesson Part-1) စသည့်ပညာရပ်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလနှင့် သင်တန်းချိန်မှာ မတ် ၁၈ ရက်မှ ၂၉ ရက်၊ ညနေ ၄ နာရီမှ ၅ နာရီထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ပ သကြား တင်ပို့မှု ၃၀ ရာခိုင်နှုန်းခန့် လျော့ကျနိုင်

**မန္တလေး မတ် ၂၀**

ယခုနှစ်မှာ ပြည်ပကို သကြားတင်ပို့မှုက ပြီးခဲ့သည့် နှစ်ထက် ၃၀ ရာခိုင်နှုန်းလောက်ထိ လျော့ကျသွားနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိမှာ ဗီယက်နမ်နိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်ပြီး ပြည်တွင်းသကြားဈေး မြင့်တက်နေသော်လည်း နိုင်ငံတကာ ပေါက်ဈေးက ကျဆင်းနေသည့် အတွက် ပြည်ပကို သကြားတင်ပို့မှု လျော့ချခဲ့ခြင်းဖြစ်ကြောင်း ဒုတိယ ဥက္ကဋ္ဌဦးဝင်းငွေးက ပြောသည်။

"ပြည်တွင်းကတော့ ဈေးသိပ်မလျော့ဘူး အရင်အတိုင်းပါပဲ။ ပြည်တွင်းဈေးက မြင့်နေတဲ့အတွက် ပြည်ပကို တအားကြီးတော့ မပို့နိုင်လောက်ဘူး။ ပြည်ပဈေးက နိမ့်နေတော့ ပြည်ပတင်ပို့မှုက နည်းမှာ၊ ပို့တော့ပို့နေတယ်ထိုက်သလောက်ပဲ ဖြစ်မယ်ထင်တယ်၊ မနှစ်ကထက်တော့ ၃၀ ရာခိုင်နှုန်းလောက်လျော့မယ်လို့ ခန့်မှန်းထားတာပါ"ဟု ၄င်းက ပြောသည်။

၂၀၂၃ ခုနှစ်က ပြည်တွင်းမှာ သကြား တစ်ပိဿာကို ငွေကျပ် ၃၆၀၀၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက တစ်ပိဿာကို ငွေကျပ် ၄၆၀၀-၄၈၅၀ အထိ ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ် မတ်လ ၁၉ ရက်တွင် သကြားတစ်ပိဿာ ငွေကျပ် ၄၈၀၀ -၅၁၀၀ အတွင်း ပေါက်ဈေးရှိနေသည်။

ကမ္ဘာ့ဈေးကွက်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်အထိ သကြား တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၅၀ လောက် ပေါက် ဈေးရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလဆန်းပိုင်းကနေ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ သကြားတစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၀- ၅၈၀ လောက်ထိသာ ပေါက်ဈေးရှိတော့သည်။

ပြည်တွင်း သကြားစက်ရုံများမှ ယခုနှစ် ကြံရာသီမှာ ကြံတစ်တန်ကို ငွေကျပ် တစ်သိန်းခွဲကနေ နှစ်သိန်းလောက်အထိ ဈေးပေးပြီး ဝယ်ယူလျက်ရှိကြောင်း သိရသည်။



**(ခဲပုံ)**

**(မန္တလေးနေ့စဉ်–၆)**

**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဂျိမ်းစ်ဘွန်းမင်းသား Daniel Craig ၏ ဝင်ငွေအများဆုံးဇာတ်ကားတွင် The Golden Compass ပါဝင်

နာမည်ကျော် ဂျိမ်းစ်ဘွန်း သရုပ်ဆောင် ဒယ်နီရယ်ခရေ့ခ်၏ ဝင်ငွေအများဆုံးဇာတ်ကား ၁၀ ကား စာရင်းတွင် The Golden Compass လည်း ပါဝင်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒယ်နီရယ်ခရေ့ခ်ကို ဂျိမ်းစ်ဘွန်းဇာတ်ကောင်နေရာ ရွေးချယ်မှုအပေါ် ဝေဖန်မှုများစွာရှိခဲ့သော်လည်း သူပါဝင်ထားသည့် James Bond 007(၂၀၀၆ မှ ၂၀၂၁) ခုနှစ်အတွင်း ဝင်ငွေအများဆုံးရရှိထားသည့် ဇာတ်ကား ၁၀ ကား စာရင်းတွင် ၂၀၀၆ ခုနှစ် The Golden Compassလည်း ပါဝင်သည်။

၂၀၁၉ ခုနှစ်က Knives Out၊ ၂၀၀၁ ခုနှစ်က Lara Croft;Tomb Raider ၊ ၂၀၁၁ ခုနှစ်က The Girl With the Dragon Tatoo၊ ၂၀၀၂ ခုနှစ်က Road to Perdition၊ ၂၀၁၁ ခုနှစ်က Cowboys & Alfends တို့မှာ ဝင်ငွေမြင့်မားစွာ ရရှိထားသည်။

အဆိုပါ ဂျိမ်းစ်ဘွန်းဇာတ်ကားများနှင့် ဝင်ငွေမြင့်မားခဲ့သော်လည်း ဒယ်နီရယ်ကို ထုတ်လုပ်သူရော ပရိသတ်ကပါ ဂျိမ်းစ်ဘွန်းဇာတ်ရုပ်နှင့် သဘောမကျခဲ့၍ နောက်ထပ်သရုပ်ဆောင်တစ်ဦးကို ရှာဖွေခဲ့ကြသည်။

(SKY)





## စတာတင်ဆေးများနှင့် အက်စပရင်ဆေးကို ချင့်ချိန်သောက်သုံးရမည်

လေ့လာမှုအသစ်တစ်ခုအရ စတာတင်ဆေးများသည် လက်ရှိနှင့် ယခင်က ဆေးလိပ်သောက်သူများတွင် ရင်ဘတ်ကြွက်သားဆုံးရှုံးမှုကို လျှော့နည်းစေနိုင်ပြီး အက်စပရင်ဆေးသည် ရင်ဘတ်ကြွက်သားဆုံးရှုံးမှုကို ပိုမိုများပြားစေနိုင်မည်ဟု ဆိုသည်။

၄င်းတွေ့ရှိချက်ကို မကြာသေးမီက ပညာရပ်ဆိုင်ရာ ဂျာနယ်စာစောင်၌ ဖော်ပြသည်။ လက်ရှိနှင့် ယခင်က ဆေးလိပ်သောက်သူများစွာသည် မြင့်မားသော ကိုလက်စထရောကို ထိန်းချုပ်ရန်အတွက် စတာတင်ဆေးများနှင့် နှလုံးရောဂါကို ကာကွယ်ရန်အတွက် အက်စပရင်ဆေးများကို သောက်သုံးလေ့ရှိသည်။

သုတေသနများအရ ထိုသူများသည် အထူးသဖြင့် နာတာရှည် အဆုတ်ပိတ်ရောဂါရှိသူများတွင် ကြွက်သားဆုံးရှုံးမှုဖြစ်ပွားနိုင်ခြေပိုများသည်။

ထိုရောဂါသည် နာတာရှည် လေပြွန်ရောင်ရောဂါနှင့် အဆုတ်ပွရောဂါတို့ကဲ့သို့သော အခြေအနေများပါဝင်သည့် တိုးတက်လာသော ရောင်ရမ်းသည့် အဆုတ်ရောဂါတစ်မျိုးဖြစ်သည်။

အဆိုပါဆေးနှစ်မျိုးက နာတာရှည် အဆုတ်ပိတ်ရောဂါအပေါ် အကျိုးသက်ရောက်နိုင်သော်လည်း သက်ဆိုင်ရာဆရာဝန်ထံ ပြသပြီးမှ ချင့်ချိန်သောက်သုံးရမည်ဖြစ်ကြောင်း သိရသည်။ (SCI)



## Study Group ဒရမ်မာဇာတ်ကား လူငယ်များအကြား ရေပန်းစားခဲ့

ကိုရီးယားဒရမ်မာဇာတ်ကား Study Group တွင် လူငယ်လေးများ အဓိကပါဝင်ထားကြပြီး အက်ရှင်ဒရမ်မာနှင့် ဖက်ရှင်စတိုင်လ်ကျနန၍ လူငယ်ထုကြား ရေပန်းစားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ကေပေ့ါပ်ဂီတအဖွဲ့ဝင်က အဓိကပါဝင်ထားပြီး အထက်တန်းကျောင်းသားလူငယ်လေးများ တက္ကသိုလ်ဝင်ခွင့်ရရန်အတွက် Study Group လုပ်ရန် စည်းရုံးကြပုံကို ပုံဖော်ထားရာ Weak Hero Class ကို ဖြို့ခွဲခဲ့ပုံနှင့်အတူ ဖက်ရှင်စတိုင်လ်ကျနသည့် လူငယ်လေးများဖြစ်၍ လူငယ်ပရိသတ်ကြား ဖက်ရှင်စတိုင်လ် (Qt8 Grament Jacket) များ ရေပန်းစားခဲ့သည်။

(SKY)

## Shah Rukh Khan ၏ Pathaan 2 ဆက်လက်ရိုက်ကူးမည်

ဘောလိဝုဒ် အနုပညာရှင် ရှာရွတ်ခန်း ပါဝင်ထားသည့် Pathaan 2 ရုပ်ရှင်ဇာတ်ကား အောင်မြင်မှုရရှိခဲ့၍ ထုတ်လုပ်ရေးဘက်မှ အပိုင်းနှစ် ဆက်လက်၍ ရိုက်ကူးမည်ဟု တရားဝင်ပြောကြားထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ထုတ်လုပ်ရေးဘက်မှ အပိုင်းနှစ်အတွက် ဇာတ်ညွှန်းအဆင်သင့်ဖြစ်နေပြီဖြစ်ပြီး ၂၀၂၆ ခုနှစ် အစမှ နှစ်လယ်ထိ ရိုက်ကူးသွားမည်ဟု တရားဝင်ပြောကြားထားသည်။

၄င်းရုပ်ရှင်ပထမပိုင်းကို ဒါရိုက်တာ အာနန်းက ရိုက်ကူးထားပြီး ဒုတိယအပိုင်းတွင် ဒါရိုက်တာ ပြောင်းလဲထားကာ ရှာရွတ်ခန်းနှင့် ဒီပီကာပါဒူဝမ်တို့ ပါဝင်ထားပြီး ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ရှာရွတ်ခန်း၏ ရုပ်ရှင်များ အောင်မြင်မှုရရှိထားရာ Mannat စံအိမ်တော်ကြီး ပြန်လည်တည်ဆောက်မည်ဖြစ်၍ နှစ်နှစ်ကြာခမ်းနားစွာ ပြင်ဆင်စရိတ်အတွက် အကုန်အကျခံဦးမည်ဟု သိရသည်။

(SKY)




## BTS မှ V@ Kim Tae Young က လေ့ကျင့်ရင်း နံရိုးကျိုးခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းသည် သင်တန်းကာလတွင် လေ့ကျင့်ရေးကို အပြင်းအထန်လုပ်၍ နံရိုးကျိုးခဲ့ကာ သက်သာသွားပြီဖြစ်ကြောင်း ပရိသတ်ထံ စာရေးတုံ့ပြန်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နှင်းလုံးများနှင့် ကစားခြင်းကို သဘောကျသော ဗွီက သင်တန်းတွင် ရာထူးတိုးခဲ့ကာ လေ့ကျင့်ရေး အပြင်းအထန်ဆင်းရင်း နံရိုးကျိုးခဲ့၍ သက်သာသွားပြီဖြစ်ကြောင်း၊ စာအုပ်များဖတ်၍ အမာခံပရိသတ်ကို လွမ်းနေကြောင်း၊ အဆိုနှင့်အကကို လုပ်ချင်ကြောင်း ရေးသားထား၍ ပရိသတ်ထံ ဝေမျှထားသည်။

ဗွီကို တေလာဆွစ်က အသန့်ရှင်းဆုံးတောက်ပနေသည့် ကြယ်လေးတစ်ပွင့်ဟု တင်စားထားကာ လက်ရှိ ဗွီကို ပန်းချီပြပွဲတစ်ခုတွင် ပန်းချီကားများနှင့်အတူ တွေ့ကြရသည်။

(SKY)






## La La Land ရုပ်ရှင် သုံးမိနစ်ကြာ အော်စကာဆု ပိုင်ဆိုင်ခဲ့

၂၀၁၇ ခုနှစ် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်ဆုကို La La Land က သုံးမိနစ်ကြာ ပိုင်ဆိုင်ပြီးမှ Moonlight က ရရှိသွား၍ လွှဲပြောင်းပေးခဲ့ရကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်အတွက် ဆန်ခါတင် စာရင်းဝင်ခဲ့ပြီး အကောင်းဆုံး ဒါရိုက်တာဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ နောက်ခံတေးဂီတဆု၊ ဇာတ်ဝင်တေးဆု၊ ထုတ်လုပ်ရေး၊ ဒီဇိုင်းဆုများ ရရှိပြီး ရုပ်ရှင်ဆုကို မှားယွင်းကြေညာခဲ့၍ La La Land အဖွဲ့သားများ စင်ပေါ်ရောက်မှ Moonlight ကို လွှဲပြောင်းပေးခဲ့ရသည်။

အော်စကာသမိုင်းတွင် အကြီးမားဆုံး အမှားတစ်ခုအဖြစ် ဖော်ပြခံရပြီး ဂီတရုပ်ရှင် La La Land မှာ သုံးမိနစ်ကြာ အော်စကာဆုပိုင်ရှင် ဖြစ်ခဲ့ရသည်။

(SKY)

*-*-*-*-*-*-*

## Adrien Brody က ဒုတိယအကြိမ် The Brutalist နှင့် အော်စကာဆု ရရှိ

ဟောလီဝုဒ်မင်းသားအေဒရယ်ဘရောဒီက ဒုတိယအကြိမ် အော်စကာဆုကို The Brutalist နှင့် ရရှိခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အေဒရယ်ဘရောဒီသည် ၂၀၀၃ ခုနှစ်တွင် The Pianist ရုပ်ရှင်နှင့် အော်စကာဆု ရရှိထားပြီး ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ် The Brutalist နှင့် ရရှိခဲ့၍ တိုက်ဆိုင်စွာ နာမည်ဆင်တူနေသည်။

အဆိုပါ ဆုပေးပွဲတွင် အေဒရယ်ဘရောဒီက ဆုလက်ခံစကားပြောကြားရာတွင် အမှန်တရားအတွက် တိုက်ပွဲဝင်ကြရန်ဆက်ပြီး ပြုံးထား၍ အချင်းချင်းဆက်ပြီး ချစ်ကြပါဟူ၍ ပြောကြားခဲ့ကြောင်း၊ နှစ်(၂၀)အတွင်း အဓိပ္ပာယ်ရှိ၍ အရေးကြီးသည့် ဇာတ်ကောင်နေရာမှ ပါဝင်ခွင့်ရခဲ့သည့်အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ကြောင်းတို့ကို ခြောက်မိနစ်ကြာ ပြောကြားခဲ့၍ အော်စကာသမိုင်းတွင် အရှည်ကြာဆုံးစံချိန်တင်ခဲ့သည်။

(SKY)

*-*-*-*-*-*-*





## ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် အချိန်ကိုအသုံးချနည်း စာအုပ် စာဖတ်ဝိုင်း ကျင်းပ

**ကျောက်ဆည် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းပြီး ယမန်နေ့ နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာနတွင် ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "အချိန်ကိုအသုံးချနည်း" စာအုပ် စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင် ရရှိမည့် အကျိုးကျေးဇူးများ၊ ဗလငါးတန်နှင့်ပြည့်စုံရေး သုတ၊ ရသစာအုပ်၊ စာစောင်များကို ဖတ်ရှုစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို(သီတဂူ-ကျောက်ဆည်)က ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "အချိန်ကို အသုံးချနည်း" စာအုပ်မှအချိန်ကို အသုံးချနည်း၊ ပညာလို အိုသည်မရှိ၊ စိတ်၏အရိပ်၊ မိဘဆရာကို ပြုစုပါ၊ စီးပွားအောင်မြင်ကံကောင်းချင်ရင်စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမား ပပျောက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

စုစုအေး(ကျောက်ဆည်)

## ဇီဝဆိုင်ရာ အချက်အလက်(Biometric Data) ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးသည့်အပြင် မြို့နယ်ရုံးတွင်လည်း ဝန်ထမ်းများကဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူခြင်းလုပ်ငန်းများကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ရပ်ကွက်များအတွင်း နေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် ပြည်သူများ၏ Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ် သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇီဝဆိုင်ရာအချက်အလက် (Biometric Data)ကောက်ယူသည့် လုပ်ငန်းစဉ်များအား နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(ဝ၅၆)



## လူထုအခြေပြုဗဟိုဌာနတွင် လူငယ်နှင့်ဆန္ဒ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၂၀**

လူငယ်ကဏ္ဍကို မြှင့်တင်၊ ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre) တွင် ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် Book Club အဖွဲ့ဝင် ဦးအောင်သူက "လူငယ်နှင့် ဆန္ဒ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် လူတစ်ဦးတစ်ယောက် အောင်မြင်ရန် ပြင်းပြသည့်စိတ်ဆန္ဒရှိရန် လိုအပ်သည်များကို ပုံပြင်သာဓကများ၊ အတ္ထုပ္ပတ္တိများ ကို သဘောထားသည့်... 



ထို့နောက် Book Club အဖွဲ့ဝင် ဦးအောင်သူက "လူငယ်နှင့် ဆန္ဒ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် လူတစ်ဦးတစ်ယောက် အောင်မြင်ရန် ပြင်းပြသည့်စိတ်ဆန္ဒရှိရန် လိုအပ်သည်များကို ပုံပြင်သာဓကများ၊ အတ္တုပ္ပတ္တိများ ဖတ်ရှုရန်၊ ချက်ချင်းလက်တွေ့လိုက်နာဆောင်ရွက်ရန်နှင့် အားထုတ်ကြိုးပမ်းကြရန် ပြောကြားသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ Book Club အဖွဲ့ဝင် ဦးအောင်သူနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဓါတ်ပုံ)

သွေးသွေး(ခရိုင် ပြန် /ဆက်)

ဖတ်စရာ၊ မှတ်စရာ

စုံလင်

ယနေ့မန္တလေး

## စိတ်ကောင်းမွေးပါ

- လူတိုင်းအပေါ် စိတ်ကောင်းထား
  နှလုံးသား ဖြူစင်ရာ ။
  စိတ်ယုတ်တွေ ဖယ်ပစ်အဝေး
  ယဉ်ကျေးဖို့ပါ ။
- စိတ်နှလုံးလှဖို့ရာ
  မျက်နှာမှာ လာဘ်လည်းပွင့် ။
  လောကအလယ် ဂုဏ်မညှိုး
  ဖွံ့ဖြိုးဂုဏ်ဆင့် ။
- မကောင်းရာ ရှောင်ရှားသင့်
  စိတ်ကောင်းမြှင့်ထားစေချင် ။
  သောကတွေ ကင်းစင်ဝေး
  အေးချမ်းဝန်းကျင် ။
- သမာဓိ ရှိစေချင်
  မကောင်းရင် ဖယ်ရှား
  အစဉ်သာ အများကျိုး
  သယ်ပိုးစေသား ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)




သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## တောင်အာဖရိကနိုင်ငံသား ၇၀၀၀၀ နီးပါးအထိ အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ရန် စိတ်ဝင်စား



**ကိပ်တောင်း မတ် ၂၀**


အာဖရိက နာအသိုင်းအဝိုင်းမှလူများကို ပြန်လည်နေရာချထားပေးမည်ဟု ဒေါ်နယ်လ်ထရမ့်အစိုးရက ကမ်းလှမ်းခဲ့ပြီးနောက် ပိုင်းတွင် အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ရန် စိတ်ဝင်စားသော တောင်အာဖရိကနိုင်ငံသား ၇၀၀၀၀ နီးပါးရှိနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် တောင်အာဖရိကကုန်သည်များအသင်း၏ ဝက်ဘ်ဆိုက်တွင် ထပ်မံသိရှိလိုသူများထံမှ မှတ်ပုံတင်မှုများ သောင်းနှင့်ချီ၍ လက်ခံရရှိခဲ့သည်။

၁၇ ရာစုက ဒတ်ချ်အခြေချ နေထိုင်သူများ၏ မျိုးဆက်များဖြစ်သည့် အာဖရိကနာများကို မတရားသော လူမျိုးရေးခွဲခြားမှု၏ သားကောင်များအဖြစ် အမေရိကန်ပြည်ထောင်စု၌ ခိုလှုံခွင့်ပေးနိုင်ကြောင်း ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်ခဲ့သော သမ္မတဒေါ်နယ်လ်ထရမ့်၏ အမိန့်ပြန်တမ်းတွင် အတိအလင်းဖော်ပြထားသည်။

တောင်အာဖရိကကုန်သည်များအသင်းဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်ထားသူ ၆၇၀၄၂ ဦးအနက် အများစုမှာ အာဖရိကနာ သို့မဟုတ် အင်္ဂလိပ်အမည်များ ရှိကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အသေးစားအဝေးကြည့်မှန်ပြောင်းများကဲ့သို့ အလုပ်လုပ်သော ဖိုင်ဘာအော့ပ်တစ်မျှင်ပေါင်း ၅၀၀၀ ပါရှိသည့် အမေရိကန် သုတေသီများ စွမ်းအင်မည်းထောက်လှမ်းရှာဖွေသော စက်ကိရိယာကို တွေ့ရစဉ်။ **Mon**



## ကမ္ဘာ့ရွှေဈေးကွက် သမိုင်းတစ်လျှောက် အမြင့်ဆုံးအထိ တစ်အောင်စလျှင် ဒေါ်လာ ၃၀၅၅ ဒသမ ၉၆ အထိ ရောက်ရှိခဲ့

**ဝါရှင်တန် မတ် ၂၀**

မတ် ၂၀ ရက်တွင် ရွှေဈေးသည် ကမ္ဘာ့ရွှေဈေးကွက်သမိုင်းတစ်လျှောက် အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်း နှစ်ကြိမ်လျှော့ချခဲ့ပြီး ပြည်တွင်းပြည်ပ စီးပွားရေးမတည်ငြိမ်မှုများကြောင့် ရွှေဈေး ထိုသို့မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၀၄၉ ဒသမ ၈၉ ဖြင့် ၀ ဒသမ ၁ ရာခိုင်နှုန်း တက်လာပြီးနောက် ယခုနှစ်အတွင်း အမြင့်ဆုံးဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၀၅၅ ဒသမ ၉၆ အထိ ရောက်ရှိခဲ့သည်။

အမေရိကန် ရွှေနှစ်ရှည်စာချုပ်များသည် ၀ ဒသမ ၆ ရာခိုင်နှုန်းတက်လာပြီး အမေရိကန် ဒေါ်လာ ၃၀၅၈ ဒသမ ၄၀ ဖြစ်လာခဲ့ကြောင်း သိရသည်။ **Mon**

## အိုမန်တွင်ပညာသင်ယူနေသည့် အာဖဂန်အမျိုးသမီး ၈၀ ကျော် ပညာသင်ဆုများအတွက် ယာယီသက်သာခွင့်ခံစားရမည်

**မတ်စကက် မတ် ၂၀**

အိုမန်နိုင်ငံတွင် အမေရိကန်အစိုးရထောက်ပံ့ငွေဖြင့် ပညာသင်ယူနေသည့် အာဖဂန်အမျိုးသမီး ၈၀ ကျော်အား ထရမ့်အစိုးရ၏ နိုင်ငံခြားအကူအညီဖြတ်တောက်မှုကြောင့် ယခင်လက အဆုံးသတ်ခဲ့ရသော ပညာသင်ဆုများအတွက် ယာယီသက်သာခွင့် ပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်အထိ ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ရှင်းလင်းပြောကြားသည်။

ဒါဟာ အရမ်းကောင်းတဲ့သတင်းပါ၊ ကျွန်မတို့ အရမ်းကျေးဇူးတင်ပါတယ်ဟု ကျောင်းသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ထိုအမျိုးသမီးများသည် တာလီဘန်အုပ်ချုပ်သော အာဖဂန်နစ္စတန်မှ ထွက်ပြေးလာပြီး နိုင်ငံခြားတွင် ပညာဆက်လက်သင်ယူနေကြသော်လည်း အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီခွင့်ပြုငွေများ ရုတ်တရက်ရပ်ဆိုင်းခံရသည့်အတွက် ၎င်းတို့ဌာနေ ပြန်လည်ပို့ခံရနိုင်ဖွယ်ရှိနေကြောင်း သိရသည်။ **Mon**



## အင်န်ဗီးဒီးယားချစ်ပ်များနှင့် အီလက်ထရွန်းနစ်ပစ္စည်းများအတွက် လေးနှစ်အတွင်း ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမည်

**ဝါရှင်တန် မတ် ၂၀**


အင်န်ဗီးဒီးယားကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုတွင် ထုတ်လုပ်သည့် ချစ်ပ်များနှင့် အီလက်ထရွန်းနစ်ပစ္စည်းများအတွက် လာမည့်လေးနှစ်အတွင်း ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။

ထိုအတောအတွင်း အီလက်ထရွန်းနစ်ပစ္စည်းများအတွက် ဒေါ်လာ ကုဋေငါးရာခန့်သုံးစွဲရန် မျှော်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် မိမိတို့ လွယ်ကူစွာဖန်တီးနိုင်မည်ဟု ထိုကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**




## ဒါလ်ကောစကီးတောင်ကုန်းများ၏ နှလုံးသားသစ်ပင် တစ်နှစ်တာသစ်ပင်ဆုကို ပိုလန်အတွက် ဆွတ်ခူးပေး



**ဝါဆော မတ် ၂၀**

ဒါလ်ကောစကီးတောင်ကုန်းများ၏ နှလုံးသားဟုခေါ်တွင်သော နှစ် ၃၀၀ သက်တမ်းရှိသည့်သစ်ပင်သည် တစ်နှစ်တာ ဥရောပသစ်ပင်ဆုကို ပိုလန်နိုင်ငံအတွက် စတုတ္ထအကြိမ်ဆက်တိုက် ဆွတ်ခူးပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


ယင်းသစ်ပင်ကို ၁၉ ရာစုတွင် ကွိုင်ဘာရာ၏ ချစ်စဖွယ် ဥယျာဉ်များတွင် ဆစ်ဒနီ ရက္ခဗေဒဥယျာဉ်နှင့် မျိုးစေ့များ ဖလှယ်ကာ စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် တန်ဖိုးထားရသော လက္ခဏာတစ်ခု ဖြစ်လာခဲ့သည်။

ဒါလ်ကော၏ သမိုင်းဝင်ပန်းဥယျာဉ်တွင် မားမားမတ်မတ်ရပ်လျက်ရှိသော ထိုအနီရောင်သစ်ပင်သည် ဒေသခံလူထုချစ်မြတ်နိုးရသော သင်္ကေတတစ်ခုပင် ဖြစ်သည်။

အဆိုပါသစ်ပင်၏ အခေါင်းပေါက်ထဲသို့ မြေပဲစေ့ဝင်အောင် ပစ်ထည့်နိုင်လျှင် လိုရာဆုပြည့်စေနိုင်သည်ဟု ဒေသခံများယုံကြည်ကြသည်မှာ ထူးဆန်းသည်။

သစ်ပင်များက လူတို့၏ပတ်ဝန်းကျင်အပေါ် ကောင်းကျိုးသက်ရောက်ပုံအကြောင်း သိရှိနားလည်စေလိုသောရည်ရွယ်ချက်ဖြင့် တစ်နှစ်တာသစ်ပင်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## အမ်အိတ်ချ် ၃၇၀ လေယာဉ်၏ ပျက်စီးကျန်ရစ်မှုကို ၁၀ နှစ်ကျော်ကြာပြီးနောက် ထပ်မံရှာဖွေရန်အတည်ပြု




**ကွာလာလမ်ပူ မတ် ၂၀**

မလေးရှားဝန်ကြီးချုပ်ရုံးသည် မလေးရှားလေကြောင်းလိုင်းပိုင် အမ်အိတ်ချ် ၃၇၀ လေယာဉ်၏ ပျက်စီးကျန်ရစ်မှုကို ၁၀ နှစ်ကျော်ကြာပြီးနောက် ထပ်မံရှာဖွေရန် မတ် ၁၉ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရှာဖွေမှုသည် အဆုံးမဲ့သမုဒ္ဒရာစူးစမ်းရှာဖွေရေးကုမ္ပဏီနှင့်တွေ့ရှိမှသာ ထွက်ပေါ်လာသော ရှာဖွေပေးရန်သဘောတူညီချက်အရ အိန္ဒိယသမုဒ္ဒရာတောင်ဘက်ခြမ်းရှိ စတုရန်းကီလိုမီတာ ၁၅၀၀၀ ဧရိယာအတွင်း ရှာဖွေရေးပြုလုပ်မည်ဟုဆိုသည်။

ပျက်စီးကျန်ရစ်မှုကို တွေ့ရှိပါက အဆိုပါကုမ္ပဏီအား အမေရိကန်ဒေါ်လာ သန်း ၇၀ (ဗြိတိသျှပေါင် ၅၆ သန်း) ပေးရမည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးက အတည်ပြုကြေညာခဲ့သည်။

ထိုလေယာဉ်သည် ၂၀၁၄ ခုနှစ်တွင် ကွာလာလမ်ပူမှ ပေကျင်းသို့ပျံသန်းစဉ် လေယာဉ်ပေါ်ရှိ လူ ၂၃၉ ဦးနှင့်အတူ ပျောက်ဆုံးသွားခဲ့သည်။ ၎င်း၏ပျောက်ဆုံးမှုသည် ကမ္ဘာ့အကြီးဆုံးလေကြောင်းလိုင်းပဟေဠိများထဲမှ တစ်ခုဖြစ်ပြီး ခရီးသည်မိသားစုများအတွက် စိုးရိမ်ပူပန်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ယခင်က အမေရိကန်ဒေါ်လာ သန်း ၁၅၀(စတာလင်ပေါင် သန်း ၁၂၀) အကုန်အကျခံကာ ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေမှုများပြုလုပ်ခဲ့သော်လည်း ပျက်စီးကျန်ရစ်မှုကို မတွေ့ရသဖြင့် ၂၀၁၇ ခုနှစ်တွင် ရှာဖွေမှုများ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ **Mon**

# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၁/၂၀၂၅-၂၀၂၆) (၁၂-၀၃-၂၀၂၅)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ရှိ မော်တော်ယာဉ်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့်လေလံရောင်းချမည့် နေ့ရက် - (၂၄-၀၃-၂၀၂၅) (တနင်္လာနေ့)

အိတ်ဖွင့်လေလံရောင်းချမည့် အချိန် - နံနက် ၁၀း၀၀ နာရီ

အိတ်ဖွင့်လေလံရောင်းချမည့် နေရာ - အမှတ်(သ- ၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

(ခ) အိတ်ဖွင့်လေလံရောင်းချမည့်ပစ္စည်းများမှာ ပူးတွဲပါအတိုင်း ဖြစ်ပါသည်။

| Sr. | Plate No. | Make & Model | Model Year | Vehicle Type | Color | "Use Character" | Minimum Bid Price (MMK) |
|---|---|---|---|---|---|---|---|
| 1 | 1K/9682 | NISSAN AD VAN | 2009 | STATION WAGON (4x2) ® | WHITE | Private | 41,850,000 |
| 2 | 6K/7328 | NISSAN AD VAN | 2010 | STATION WAGON (4x2) ® | WHITE/BLUE/RED | Private | 40,500,000 |
| 3 | 1K/9706 | NISSAN WINGROAD Y12 | 2009 | STATION WAGON (4x2) ® | WHITE | Private | 49,500,000 |
| 4 | 9D/6059 | MITSUBISHI PAJERO V78 | 2000 | STATION WAGON (4x4) ® | GRAY | Private | 42,300,000 |
| 5 | 8G/3736 | DAGON TAWWIN L/T (DR-8) | 2009 | PICKUP (4x2) (R) | WHITE | Private | 22,500,000 |
| 6 | 8I/1220 | SHWE KYAIR MPV (SK-MPV-02) | 2010 | MICRO BUS (4x2) ®(MPV) | GRAY | Private | 31,500,000 |

၂။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက် (၁)စုံလျှင် ကျပ်(၁၀,၀၀၀/-)နှုန်းဖြင့် UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ သမာဓိအာမခံကြေးငွေ (Earnest Money) ကျပ် (၃,၀၀၀,၀၀၀/-) (ကျပ်သိန်း သုံးဆယ်တိတိ)အား အိတ်ဖွင့်လေလံ ကျင်းပရေးကော်မတီ၊ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၂၃-၀၃-၂၀၂၅)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA Bank (0025-Mandalay-003) (Kywae Sac Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ uab Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း၊ (သို့မဟုတ်) လူကိုယ်တိုင် ရုံးချုပ်သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေ့တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ (သို့မဟုတ်) တရားဝင်ကိုယ်စားလှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၅။ အိတ်ဖွင့်လေလံပစ်မည့်ပစ္စည်းများကို (၁၇-၀၃-၂၀၂၅)မှ စတင်၍ ရုံးချိန်အတွင်း အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117 , 09-758211118 , 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**၃၀၄**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)
## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊
## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၂/၂၀၂၅-၂၀၂၆) (၁၂-၀၃-၂၀၂၅)
## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် ကျောက်ဆည်မြို့နယ်၊ တောင်တော်ကွင်း၊ ကျားခေါင်းဘိလပ်မြေစက်ရုံအတွင်းရှိ မော်တော်ယာဉ်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့်လေလံရောင်းချမည့်နေ့ရက် | - | (၂၅-၀၃-၂၀၂၅) (အင်္ဂါနေ့) |
| အိတ်ဖွင့်လေလံရောင်းချမည့်အချိန် | - | နံနက် ၁၀း၀၀ နာရီ |
| အိတ်ဖွင့်လေလံရောင်းချမည့်နေရာ | - | ကျားခေါင်းဘိလပ်မြေစက်ရုံ၊ တောင်တော်ကွင်း၊ ကျောက်ဆည်မြို့။ |

(ခ) အိတ်ဖွင့်လေလံရောင်းချမည့်ပစ္စည်းများမှာ ပူးတွဲပါအတိုင်း ဖြစ်ပါသည်။

| Sr. | Plate No. | Make & Model | Model Year | Vehicle Type | Color | "Use Character" | Minimum Bid Price (MMK) |
|---|---|---|---|---|---|---|---|
| 1 | 2C/6737 | NISSAN DIESEL CK551B | 2003 | TRACTOR HEAD(4x2)® | GREEN/ORANGE/ WHITE | Hired | 106,200,000 |
| 2 | 2C/7316 | NISSAN DIESEL CG45CW | 1998 | TRUCK(8x4)® (T/S) | WHITE/BLUE | Hired | 88,650,000 |
| 3 | 5E/1037 | DONG FENG DFL4251AB | 2012 | TRACTOR HEAD(6x4)(L) | WHITE | Hired | 93,600,000 |
| 4 | 6G/2671 | NISSAN DIESEL CG48ZW | 2000 | TRUCK(8x4)® (T/S) | WHITE/BLUE | Hired | 103,500,000 |
| 5 | 9B/6770 | NISSAN DIESEL CW631G | 1996 | TRACTOR HEAD(6x4)(R) | GREEN | Hired | 67,500,000 |
| 6 | 4G/8774 | MITSUBISHI CANTER FE63EEV | 2000 | TRUCK(4x2)® | WHITE/GRAY | Hired | 54,000,000 |
| 7 | 6Q/8009 | CHACMAN 3GS42Y16E4401 | 2018 | DUMP TRUCK (4x2)(L) | RED | Hired | 66,600,000 |
| 8 | 3C/4470 | NISSAN DIESEL CD48YN | 2003 | TRUCK WITH CRANE (6x2) ® | WHITE/GRAY | Hired | 72,000,000 |
| 9 | 7F/4004 | FORD RANGER | 2013 | PICKUP (4x4) (L) | GRAY | Private | 15,300,000 |

၂။ အိတ်ဖွင့်လေလံတင်သွင်းခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် ကျပ် (၁၀,၀၀၀/-)နှုန်းဖြင့် UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ သမာဓိအာမခံကြေးငွေ (Earnest Money) ကျပ်(၅,၀၀၀,၀၀၀/-)(ကျပ်သိန်း ငါးဆယ်တိတိ)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၂၃-၀၃-၂၀၂၅)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့ လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့ လည်းကောင်း၊ AYA Bank (0025-Mandalay-003)(Kywae Sac Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့ လည်းကောင်း၊ uab Bank (Mandalay) Pyigyitagon(Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့ လည်းကောင်း၊ လူကိုယ်တိုင် ရုံးချုပ်သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေ့တွင် သမာဓိအာမခံကြေးငွေပေးသွင်းသူ ကိုယ်တိုင်တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စား လွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၅။ အိတ်ဖွင့်လေလံပစ်မည့်ပစ္စည်းများကို (၁၇-၀၃-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း ကျောက်ဆည်(တောင်တော်ကွင်း)၊ ကျားခေါင်းဘိလပ်မြေစက်ရုံတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117,09-758211118,09-758211119

ဒေါ်ချိုချိုမြင့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဥက္ကဋ္ဌ
အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
**UE Export Import Company Limited**
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကောက်ခံလျက်ရှိသော ခွင့်ပြုမိန့်ဆိုင်ရာနှုန်းထားများဖြစ်သည့် ကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ၊ ဒဏ်ကြေးနှုန်းထားများ၊ အဆောက်အအုံဖျက်မိန့်နှင့် အုတ်တံတိုင်းကာရံခြင်းနှုန်းထားများ၊ ပစ္စည်းစုပုံခွန်နှုန်းထားများ၊ ကြော်ငြာဆိုင်းဘုတ်အခွန်နှုန်းထားများနှင့် အထွေထွေကိစ္စရပ်များ၏နှုန်းထားများကို ခေတ်နှင့်လျော်ညီသည့် နှုန်းထားများဖြစ်စေရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံဆိုင်ရာနည်းဥပဒေနှင့်အညီ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အဆောက်အအုံနှင့်ကုန်ရုံဌာနမှ လက်ရှိကောက်ခံလျက်ရှိသည့်နှုန်းထားများကို အောက်ဖော်ပြပါနှုန်းထားများဖြင့် လွှမ်းမိုးပယ်ဖျက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အတိုင်းအတာ/ကာလ | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ကောက်ခံမည့်နှုန်းထားများ |
|---|---|---|---|
| ၁။ | စုပုံခွန်ကောက်ခံနှုန်းထား | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၂။ | အဆောက်အအုံဆောက်မိန့်ဆိုင်ရာကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ | | |
| | (က) (RC/SS)အဆောက်အအုံ(အထပ်နိမ့် ဆောက်/အုံ) | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၆ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၇ဝိ/- |
| | -တတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | (ခ) (RC/SS)အဆောက်အအုံ(အထပ်မြင့် ဆောက်/အုံ) | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၈ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -တတိယထပ်နှင့်အထက် | ၁ စ/ပေ | ၈ဝိ/- |
| | (ဂ) နံကပ်အဆောက်အအုံ | | |
| | -မြေညီထပ် | ၁ စ/ပေ | ၅ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၅ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၅ဝိ/- |
| | (ဃ) ပျဉ်ထောင်(သွပ်မိုး/ပျဉ်ကာ) | | |
| | -မြေညီထပ် | ၁ စ/ပေ | ၂ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၂ဝိ/- |
| | (င) စီးပွားရေးအဆောက်အအုံ(စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ) | | |
| | -မြေညီထပ်မှ ပထမထပ်ထိ | ၁ စ/ပေ | ၁ဝဝိ/- |
| | -ဒုတိယထပ်နှင့်အထက်ကို ၁ထပ် တိုးတိုင်း ၁ စ/ပေ လျှင် ၁ဝိ/နှုန်း တိုးမြှင့်ကောက်ရန် | | |
| | -ပွဲဆယ်ကွင်း(စီးပွားရေးအဆောက်အအုံတွင် အကျုံးဝင်ပါသည်။) | | |
| | (စ) မိလ္လာကွင်းဆင်းစစ်ဆေးခ | | ၁၀၀၀ဝိ/- |
| | (ဆ) မြေစည်းရိုးကာရံခြင်း | | |
| | -RC/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ်/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ် | အလျား ၁ ပေ | ၁၆ဝိ/- |
| | (ဇ) အဆောက်အအုံဖျက်ခွင့် | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | (ဈ) အထွေထွေလျှောက်လွှာများ | ၁ စောင် | ၁၀၀ဝိ/- |
| | (ည) မိလ္လာလျှောက်လွှာခ | ၁ စောင် | ၂၀ဝိ/- |
| | (ဋ) မူလအဆောက်အအုံကို ပြန်လည်ပြုပြင်ခြင်း | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -စီးပွားရေးအဆောက်အအုံ | ၁ စ/ပေ | ၃ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၃။ | ဒဏ်ကြေးဆိုင်ရာကောက်ခံသည့်နှုန်းထားများ | | |
| | (က) မြေစည်းရိုး ခွင့်ပြုမဲ့/ကြိုတင် ဆောက်ဒဏ်ကြေး | | |
| | -မြေစည်းရိုးအမျိုးအစားအားလုံး | အလျား ၁ ပေ | ၁၀၀ဝိ/- |
| | (ခ) အဆောက်အအုံခွင့်ပြုမဲ့ ပြင်ဆင်ဒဏ်ကြေး | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄၀ဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃၀ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂၀ဝိ/- |
| | (ဂ) အဆောက်အအုံခွင့်ပြုမဲ့ဖျက် ဒဏ်ကြေး | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄၀ဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃၀ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂၀ဝိ/- |
| | (ဃ) အမြင့်ပေပို ဒဏ်ကြေး | | |
| | -မိသားစုနေအိမ် | အမြင့် ၁ ပေ | ၁၂၀၀ဝိ/- |
| | -စီးပွားရေးအဆောက်အအုံ | အမြင့် ၁ ပေ | ၂၄၀၀ဝိ/- |
| | (င) ဆောက်လုပ်ရေးပစ္စည်း စုပုံခွန်ဒဏ်ကြေး | | |
| | -ခွင့်ပြုမဲ့အဆောက်အအုံပစ္စည်းစုပုံခွန် | ၁ နှစ် | ၆၀၀၀ဝိ/- |
| | -ကတ္တရာလမ်းပေါ် အဆောက်အအုံ ပစ္စည်းစုပုံခြင်း/ကွန်ကရစ်ဖျော်ခြင်း | | ၆၀၀၀ဝိ/-(ပထမအကြိမ်)<br>၁၀၀၀၀ဝိ/-(ဒုတိယအကြိမ်)<br>၂၀၀၀၀ဝိ/-နှင့် တရားစွဲခြင်း (တတိယအကြိမ်) |
| ၄။ | လိုင်စင်ခ(ပြက္ခဒိန်နှစ်အလိုက်ကောက်ခံခြင်းဖြစ်ပါသည်။) | | |
| | -အင်ဂျင်နီယာလိုင်စင်လျှောက်လွှာ | ၁ စောင် | ၁၀၀ဝိ/- |
| | -ကန်ထရိုက်လိုင်စင် | နှစ်စဉ်ကြေး | ၆၀၀၀၀ဝိ/- |
| | -နောက်ကျဒဏ်ကြေး | နှစ်စဉ်ကြေး | ၂၀၀၀၀ဝိ/- |
| ၅။ | လူနေထိုင်ခွင့် (BCC) အမည်ပြောင်းခ | | ၆၀၀၀ဝိ/- |
| ၆။ | မိတ္တူမှန်ကူးယူခ | | |
| | -ခွင့်ပြုမိန့် | ၁ ရွက် | ၂၀၀ဝိ/- |
| | -ခွင့်ပြုပုံစံ | ၁ ရွက် | ၁၀၀ဝိ/- |
| ၇။ | စစ်ဆေးချက် နေ့စဉ်မှတ်တမ်းစာအုပ် (Log Book)ပျောက်ဆုံးဒဏ်ကြေး | | |
| | -အထပ်နိမ့် | | ၁၀၀၀၀ဝိ/- |
| | -အထပ်မြင့် | | ၃၀၀၀၀ဝိ/- |
| ၈။ | တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းခ | | ၄၀၀၀ဝိ/- |
| ၉။ | လျှောက်လွှာ/အမည်ပြောင်းလျှောက်လွှာ(ပုံစံ) | | ၁၀၀ဝိ/- |
| ၁၀။ | တိုက်ခန်းစာအုပ်ဖိုး | | ၂၀၀၀ဝိ/- |
| ၁၁။ | ဆိုင်းဘုတ်ကြော်ငြာကောက်ခံသည့်နှုန်းထားများ | | |
| | -MCDC ပိုင်လမ်း/မြေပေါ်တွင် စိုက်ထူသောဆိုင်းဘုတ်များ(တိုင်ထောင်) | ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -မိမိအဆောက်အအုံနံရံတွင် တပ်ဆင် ကြော်ငြာသော ဆိုင်းဘုတ်များ(နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | -LED/Trivision ဆိုင်းဘုတ်များ (တိုင်ထောင်/နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | (က)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၀၀%)ပါဝင်သော ဆိုင်းဘုတ်များ | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅၀၀ဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅၀၀ဝိ/- |
| | (ခ)တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သည့်လုပ်ငန်း ဆိုင်းဘုတ်များ | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | (ဂ) ပြည်တွင်းလုပ်ငန်းရှင်များက နိုင်ငံခြားအမှတ်တံဆိပ်ဖြင့် ကြော်ငြာသော ဆိုင်းဘုတ်များ | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | (ဃ)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀%ပါဝင်သော ဟိုတယ်များ | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅၀၀ဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅၀၀ဝိ/- |
| | (င) တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သော ဟိုတယ်များ | | |
| | -တိုင်ထောင် | ကြော်ငြာဧရိယာတစ်ဝက် | ၄၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၁၅၀၀ဝိ/- |
| | -နံရံကပ် | ကြော်ငြာဧရိယာတစ်ဝက် | ၃၅၀၀ဝိ/- |
| | | ဧရိယာတစ်ဝက်အား ၁စ/ပေ၊၁နှစ် | ၇၅၀ဝိ/- |
| | (စ) မော်တော်ကားတွင် တပ်ဆင်သော ကြော်ငြာ | | |
| | -ကားကြီး(၃)တန်နှင့်အထက် | ၁စီး၊ ၁နှစ် | ၇၅၀၀ဝိ/- |
| | -ကားသေး(၃)တန်အောက် | ၁စီး၊ ၁နှစ် | ၅၄၀၀ဝိ/- |
| | (ဆ) ယာယီကြော်ငြာ | | |
| | -ယာယီတိုင်ထောင် | (၉'×၂၀')၁ခုနှုန်း ရက်သတ္တပတ်(၂)ပတ် | ၁၃၅၀၀ဝိ/- |
| | -ယာယီလမ်းဖြတ် | (၂၅'×၃')၁ခုနှုန်း ရက်သတ္တပတ်(၂)ပတ် | ၁၂၀၀၀ဝိ/- |
| | -ယာယီဆိုင်းဘုတ် | (၄'×၂')၁ခုနှုန်း ရက်သတ္တပတ်(၁)ပတ် | ၁၅၀၀ဝိ/- |
| | -လမ်းညွှန်ဆိုင်းဘုတ်ဆိုဒ်စုံ | ၁စ/ပေ၊၁နှစ် | ၂၀၀၀ဝိ/- |
| | (ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ် Vinyl ဒီဇိုင်း ပြောင်းလဲခ | | |
| | -၁ကြိမ်ပြောင်းလဲတပ်ဆင်ခ | ၁စ/ပေ | ၂၀ဝိ/- |
| ၁၂။ | ကြော်ငြာဒဏ်ကြေး | | |
| | -ခွင့်ပြုမဲ့ကြော်ငြာ | ၁ခု | ၁နှစ်စာ ၁စ/ပေ နှုန်းထား၏ ၃ဆ |
| | -သစ်ပင်၊ဓာတ်တိုင်၊ခြံစည်းရိုးများတွင် ခွင့်ပြုချက်မဲ့စတစ်ကာကြော်ငြာများ တပ်ဆင်ခြင်း | ၁ခု | ၄၀၀ဝိ/- |

အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကိုဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိ တပ်မတော်သားနှင့် မိသားစုဝင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင်ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊

စာမျက်နှာ ၄ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## Happy Friendship ကို ဂိုးပြတ် အနိုင်ရခဲ့သည့် Asia Lion အသင်း

ရန်ကုန် မတ် ၂၀

MNL II Promotion Amateur Club Tournament 2025 ဘောလုံးပြိုင်ပွဲအုပ်စု(A)၏ အုပ်စု ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက ဗဟန်းမြက်ခင်းတုကွင်းတွင် Asia Lion အသင်းနှင့် Happy Friendship အသင်းတို့ ကစားခဲ့ကြပြီး Asia Lion အသင်းက ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။



Asia Lion အသင်းသည် အုပ်စု ပွဲစဉ် လေးပွဲ ကစားအပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲ ရှုံးရမှတ် ခြောက်မှတ်ရရှိထားသည်။ Happy Friendship အသင်းသည် လေးပွဲကစားအပြီးတွင် နှစ်ပွဲ သရေ၊ နှစ်ပွဲရှုံးရမှတ် နှစ်မှတ်သာ ရရှိထားသည့်အတွက် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

Asian Lion အသင်းသည် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် မတ် ၂၂ ရက်တွင် Enjoy Brother အသင်းနှင့် ကစားရမည်ဖြစ်သည်။ Happy Friendship အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မတ် ၂၂ ရက်တွင် W Unite အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂၀

| | | |
|---|---|---|
| ချောက် | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ ဒသမ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |